ကျိန်ဆိုခြင်းသည် အရောင်းအဝယ်ပစ္စည်းကို

ရောင်းတန်းဝင်စေသော် လည်း အမြတ်အ စွန်း၏ ဗရ်ကသ်ကိုဆုတ်ယုတ်စေ သည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု) ကဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။
"ကျိန်ဆိုခြင်းသည် အရောင်းအဝယ်ပစ္စည်းကို ရောင်းတန်းဝင်စေသော် လည်း အမြတ်အ
စွန်း၏ ဗရ်ကသ်ကို ဆုတ်ယုတ်စေ သည်။" [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် အရောင်းအဝယ်ပြုလုပ်ရာတွင်ကျိန်ဆိုခြင်းများစွာ မပြုလုပ်ရန် သတိပေးတော်မူခဲ့သည်။ အကယ်၍ မိမိပြောဆိုရာတွင်မှန်ကန်နေသည့်တိုင် ကျိန်ဆိုခြင်းကို ရှောင်ကြဉ်ရန် မိန့်ကြားတော်မူခဲ့သည်။အကြောင်းမှာ ကျိန်ဆိုခြင်းသည် ကုန်ပစ္စည်းများ အရောင်းအဝယ်ဖြစ်လာစေရန်အကြောင်းဖန်လာတတ်သော်လည်း၊ ရရှိလာသော အမြတ်အစွန်းနှင့် ဝင်ငွေတို့၏ဗရ်ကသ်ကိုလျော့နည်းပျက်စီးစေတတ်သောကြောင့် ဖြစ်သည်။ ထိုသို့ကျိန်ဆိုကာရောင်းဝယ်ခြင်းကြောင့် ရရှိလာသောဥစ္စာပစ္စည်းများသည် ခိုးခံရခြင်း၊ မီးလောင်ခြင်း၊ရေနစ်မြုပ်ခြင်း၊ မတရားသိမ်းယူခံရခြင်း၊ လုယက်ခံရခြင်းစသည့် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်ကာ ပျက်စီးဆုံးရှုံးရတတ်သည်။

https://sunnah.global/hadeeth/my/show/5936